အနှစ်ချုပ်

၂၀၁၈၊ ဧပြီလ။

Natural Resource Governance Institute

# အခွန်ကောက်ခံခြင်း

## အရေးပါပုံ။

နိုင်ငံများအတွက် အခွန်နှင့် တွင်းဝခွန်များသည် သဘာဝသယံဇာတမှ အဓိကရရှိသည့် ဝင်ငွေဖြစ်သည်။ ရရှိသည့် အခွန်များသည် ပြည်သူ့ဘဏ္ဍာကို တောင့်တင်းစေပြီး ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေသည်။ အစိုးရအနေဖြင့် ယုံကြည်စိတ်ချရသည့် ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်လျက် အခွန်ပမာဏ အများဆုံးရအောင် ဆောင်ရွက်နိုင်ရန်မှာ အရေးကြီးသည်။

## မည်သည့်ကိစ္စများ ပါဝင်သနည်း။

အစိုးရများအနေဖြင့် –

- အခွန်၊ တွင်းဝခွန်ကို သတ်မှတ်ရန်၊ တာဝန်ယူ ကောက်ခံမည့်သူကို သတ်မှတ်ရန်
- အခွန်ကောက်ရန်
- ပေးသွင်းမှု ရှိမရှိ စောင့်ကြည့်ရန်



## မြန်မာနိုင်ငံတွင် လက်ရှိကျင့်သုံးနေသည့် ပုံစံ။

မြန်မာ့သယံဇာတသည် နိုင်ငံစီးပွားရေးအတွက် အရေးကြီးသည်။ ၂၀၁၅–၂၀၁၆ တွင် အစိုးရဝင်ငွေ၏ ၁၈ ရာခိုင်နှုန်း၊ ပြည်ပပို့ကုန် ၄၈ ရာခိုင်နှုန်းကို သယံဇာတမှ ရရှိသည်။ သို့သော်လည်း ရှုပ်ထွေးသည့် ဘဏ္ဍာရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ အခွန်ကင်းလွတ်ခွင့်၊ အခွန်ကောက်ယူမှုစနစ် အားနည်းခြင်းတို့ကြောင့် နိုင်ငံ၏ အခွန်ဘဏ္ဍာ အများအပြား ယိုစီးလျက်ရှိသည်။ ပြည်နယ်အဆင့် ကောက်ခံမှုမှာလည်း အနည်းငယ်သာရှိသည်။

### တာဝန်ယူထားသည့် ဌာနများ

- အဓိက အခွန်နှုန်းထားများကို ပြည်ထောင်စုအစိုးရက ဆုံးဖြတ်သည်။ တွင်းထွက်ကဏ္ဍ အခွန်နှုန်းထားများကို မြန်မာ့သတ္တုတွင်းဥပဒေ (၁၉၉၄၊ ၂၀၁၅ တွင်ပြင်ဆင်) နှင့် မြန်မာကျောက်မျက်ရတနာဥပဒေ (၁၉၉၅၊ ၂၀၁၆ တွင် ပြင်ဆင်) တို့တွင် ဖော်ပြထားသည်။
- အဓိက အခွန်အများစုကို နိုင်ငံပိုင်လုပ်ငန်း သို့မဟုတ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ကောက်ခံသည်။ ယင်းဌာနများသည် စောင့်ကြည့်ခြင်း၊ ဥပဒေစိုးမိုးရေးကိစ္စများကိုလည်း ဆောင်ရွက်လေ့ရှိသည်။
- ပြည်နယ်နှင့် တိုင်းဒေသကြီး ဘတ်ဂျတ်အများစုမှာ ပြည်ထောင်စုအဆင့်က အခြေအနေပေါ်လိုက်ပြီး လွှဲပေးရာမှ လက်ခံရရှိခြင်းဖြစ်သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအနေဖြင့် ပမာဏ မများသည့် အခွန်အချို့ကို တိုက်ရိုက် ကောက်ယူနိုင်သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ အခွန်ကောက်ယူမှုပမာဏ မြင့်တက်လာရန် ရှိသည်။ အထူးသဖြင့် တနိုင်တပိုင်နှင့် အသေးစားလုပ်ငန်းများမှဖြစ်သည်။
- ကျောက်မျက်ကဏ္ဍတွင်မူ ပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ်အဆင့် အာဏာပိုင်များသည် ကျောက် တန်ဖိုးဖြတ်ခြင်း၊ အခွန်မည်မျှပေးဆောင်ရမည်ကို ဆုံးဖြတ်သည့် ကော်မတီတွင် ပါဝင်ကြသည်။ သို့သော်လည်း အခွန်များကို မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းမှ ကောက်ခံသည်။
- အချို့သောနေရာများတွင် စစ်တပ်နှင့် တိုင်းရင်းသား လက်နက်ကိုင်ဒေသများသည် ၎င်းတို့ ထိန်းချုပ်ထားသည့်နေရာတွင် လာရောက်လုပ်ကိုင်သည့် ကုမ္ပဏီများမှ တရားမဝင် အခွန်ကောက်ခံသည်။



## အခြားနိုင်ငံများမှ ပြည်နယ်အဆင့် လုပ်ငန်းဌာနများ လုပ်ငန်းဆောင်ရွက်ပုံ။

- အခွန်များကို ပြည်နယ်အဆင့် အစိုးရက ကောက်ခံသည့်တိုင် နိုင်ငံအဆင့် အစိုးရများသည် အဓိက အခွန်၊ တွင်းဝခွန်နှုန်းထား များကို သတ်မှတ်သည်။ အိန္ဒိယတွင် ပြည်နယ်များသည် တွင်းထွက်နှင့် ရေနံတွင်းဝခွန်များကို ကောက်ခံသော်လည်း နှုန်းထားကိုမူ ပြည်ထောင်စုအဆင့်က သတ်မှတ်သည်။ အာဂျင်တီးနားတွင် ခရိုင်များက အခွန်နှုန်းထား သတ်မှတ်သော်လည်း အမြင့်ဆုံး နှုန်းထားကို ပြည်ထောင်စုအစိုးရက သတ်မှတ်သည်။
- အခွန်အမျိုးအစားပေါ်လိုက်ပြီး ပြည်နယ်အဆင့်၏ လုပ်ပိုင်ခွင့် ကွဲပြားသည်။ ဩစတေးလျ ကဲ့သို့သော ဖက်ဒရယ် နိုင်ငံတွင်ပင် ပုံမှန်အားဖြင့် လုပ်ငန်းဝင်ငွေခွန်ကို နိုင်ငံအဆင့်က သတ်မှတ်ကောက်ခံလေ့ရှိသည်။
- တွင်းဝခွန်များကို ပြည်နယ်အဆင့် လုပ်ငန်းဌာနများက ကောက်ခံလေ့ရှိသည်။ သို့သော်လည်း ကုန်းတွင်း နှင့် ကမ်းလွန် သယံဇာတများတွင် ကွဲပြားမှုရှိသည်။ ဩစတေးလျတွင် ကုန်းတွင်း တွင်းဝခွန်များကို ပြည်နယ်များက ကောက်ခံပြီး ကမ်းလွန်တွင်းဝခွန်များကို ပြည်ထောင်စုအဆင့် အစိုးရက ကောက်ခံသည်။
- တစ်ပြည်ထောင်စုနိုင်ငံများတွင်ပင် အခွန်ခွဲဝေမှုများ ပြုလုပ်လေ့ရှိသည်။ မွန်ဂိုးလီးယားတွင် သတ္တုတွင်းအခွန်များကို နိုင်ငံအဆင့် အစိုးရက ကောက်ခံပြီး၊ အချို့ကို ဒေသအဆင့် အစိုးရသို့ လွှဲပြောင်းပေးသည်။
- အစိုးရမဟုတ်သည့် စတိတ်ဟိုဒါများသည်လည်း လုပ်ပိုင်ခွင့်အချို့ရှိသည်။ ဖိလစ်ပိုင်တွင် ဌာနေလူမျိုးစုများ နေရာတွင် လုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီများသည် ဒေသခံ ရပ်ရွာနှင့် ညှိနှိုင်းကာ အထူးတွင်းဝခွန် ပေးသွင်းရသည်။

## ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် သယံဇာတစီမံမှု အားနည်းချက် အားသာချက်များ

| အကျိုးကျေးဇူးများ | အခက်အခဲများ |
| --- | --- |
| တူးဖော်ခြင်းကြောင့်ဖြစ်လာသည့် ဆိုးကျိုးများအတွက် ဒေသခံ စတိတ်ဟိုဒါများကို လျော်ကြေးပေးအပ်ခြင်း | အခွန်နှုန်းထားညှိနှိုင်းခြင်း၊ ကောက်ယူခြင်းတို့အတွက် လိုအပ်သည့် ကျွမ်းကျင်မှု အသိပညာပေးခြင်း |
| ဒေသခံများ၏ ပိုင်စိုးနိုင်မှုကို ဖြေရှင်းပေးခြင်း၊ ထွက်ရှိသည့် ဒေသကို ဘဏ္ဍာရေး အကျိုးဖြစ်ထွန်းစေခြင်းတို့ကြောင့် ပဋိပက္ခများ လျော့ချနိုင်ခြင်း | အကျင့်ပျက်ခြစားမှု၊ နိုင်ငံရေးအမြတ်ထုတ်မှု၊ တလွဲစီမံမှုများ ကာကွယ်ခြင်း |
| ပြည်ထောင်စုအဆင့် အစိုးရထံ မှီခိုနေမှုကို လျော့ချခြင်းဖြင့် ပြည်နယ်အဆင့် ဘတ်ဂျက်ခိုင်မာမှု မြှင့်တင်ခြင်း | သယံဇာတ တူးဖော်သည့်ဒေသနှင့် အခြားဒေသများကြား မညီမျှမှု မဖြစ်စေရန် ရှောင်ရှားခြင်း |
| အာဏာပိုင်များအနေဖြင့် အခွန်ပေးသွင်းမှု စောင့်ကြည့်ရန် တွန်းအားဖြစ်စေခြင်း | ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်သည့် ရှင်းလင်း၊ အားကောင်းသည့် ဘဏ္ဍာရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ ပြုစုခြင်း |

ဖော်ပြခဲ့ပါ အချက်အလက်များကို Natural Resource Governance Institute. www.resourcegovernance.org မှ ပြုစုထားပါသည်။
ယခုစာပါ အချက်အလက်များ၊ အခြား သဘာဝသယံဇာတ စီမံမှုဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်သည့် အချက်အလက်များ အသေးစိတ် သိရှိလိုပါက Hosana Chay | hchay@resourcegovernance.org သို့မဟုတ် ဖုန်း – ၀၉ ၄၅၆၃၈၂၂၃၃ သို့ ဆက်သွယ်နိုင်ပါသည်။